EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
9 Boulevard General Wahis, 1030 Brussels
Tel. 02 701 9380, Fax 02 705 5048
Email: mebrussels@skynet.be

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် အသိပေးကြေညာချက်(၂)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် ၃-၇-၂၀၂၀ ရက်နေ့မှစတင် ထုတ်ယူနိုင်ပါကြောင်းနှင့် အချက်အလက်များ ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ၁၆-၇-၂၀၂၀ ရက်နေ့မှ ၅-၈-၂၀၂၀ ရက်နေ့အတွင်း ပြန်လည်ပေးပို့ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂-၇-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့အနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ လူဇင်ဘတ်နိုင်ငံနှင့် ခရိုအေးရှားနိုင်ငံတို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ဖြည့်စွက်ရန်လိုအပ်သည့် ပုံစံ(၁၅)ကို ဤကြေညာချက်နှင့်အတူ ပူးတွဲဖြန့်ဝေအပ်ပါသည်။ အဆိုပါ ပုံစံ(၁၅)ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website https://www.uec.gov.mm/၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ Website https://www.mofa.gov.mm/ နှင့် မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့၏ Website https://www.embassyofmyanmar.be/ တို့မှလည်း ရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ ပြည့်စုံစွာဖြည့်စွက်ထားသောပုံစံ(၁၅)ကို သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူနှင့် မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့မှ ၂-၇-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပေးကြေညာချက်(၁)တွင် ပါရှိသည့် ပူးတွဲပုံစံဖြည့်စွက်ချက်တို့နှင့်အတူ အောက်ဖော်ပြပါ လိပ်စာသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ Registered Mail ဖြင့်သော်လည်းကောင်း၊ မြန်မာသံရုံး၊ ကောင်စစ်ဌာနစိတ်၏ E-mail visa@embassyofmyanmar.be သို့လည်းကောင်း **၅-၈-၂၀၂၀ ရက်နေ့** နောက်ဆုံးထား၍ပြန်လည်ပေးပို့ပေးပါရန် မေတ္တာရပ်ခံအကြောင်းကြားအပ်ပါသည်-

Embassy of the Republic of the Union of Myanmar

9 Boulevard General Wahis,

Schaerbeek, 1030 Brussels

Belgium

Tel. no. +32 2 7019380

E-mail visa@embassyofmyanmar.be

၄။ ကြိုတင်ဆန္ဒမဲ တောင်းခံသူ မဲဆန္ဒရှင်များအနေဖြင့် ပုံစံ(၁၅)ပါ အချက်အလက်များကို ပြည့်စုံစွာ မှန်ကန်စွာဖြည့်စွက်ပေးနိုင်ပါရန်၊ ဖြည့်စွက်ပြီးပုံစံ(၁၅)ကို မြန်မာသံရုံးသို့ E-mail ဖြင့် ပေးပို့ပါက ကြည်လင်ပြတ်သားပြီး ဖတ်ရှုနိုင်သည့် အနေအထားဖြင့် ပေးပို့ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည့် **၅-၈-၂၀၂၀ ရက်နေ့** ထက် နောက်ကျ၍ ရောက်ရှိလာသော ပုံစံ(၁၅)များကို လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၅။ ယခု အသိပေးကြေညာချက်အား မိမိတို့နှင့် နီးစပ်ရာ မြန်မာနိုင်ငံသားများထံသို့လည်း ဖြန့်ဝေ အသိပေးနိုင်ပါရန် မေတ္တာရပ်ခံလျက် အသိပေး အကြောင်းကြားအပ်ပါသည်။

မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့။
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်